# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## မစုစုနွေးရှေ့ဆောင်သည့် အဖွဲ့ချုပ်လူငယ်များ၏ "ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဘုရားတက်ဆုတောင်းလှုပ်ရှားမှု"ကို ထောက်ခံကြိုဆိုပါသည်

(၂၀၀၇ ခုနှစ်၊ မေလ ၁၂ ရက် )

၁။ ယခုအခါ ပြည်တွင်း၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေး၊ နိုင်ငံရေး စသဖြင့် လူမှုဘဝနယ်ပယ်အသီးသီးတွင် ကြုံတွေ့ရင်ဆိုင်နေရသော နစ်နာချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုလှုပ်ရှားမှုများ (Campaigns) ဆက်တိုက် ဆိုသလိုပေါ်ပေါက်နေပါသည်။

၂။ ပြည်သူများသည် လူမှုဘဝနယ်ပယ်အသီးသီးတွင် ဖိနှိပ်မှုများ၊ တရားမျှတမှုမရှိသောဖြစ်ရပ်များ၊ စီးပွားရေးလူမှုရေးမညီမျှမှုများကို မကြုံဖူးမကြားဖူးအောင်ပင် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ သို့အတွက် လူမှုဘဝနယ်ပယ်အသီးအသီးမှ တက်ကြွလှုပ်ရှားသူများ( Activists)သည် နစ်နာမှုဖေါ်ထုတ်ရေးလှုပ်ရှားမှုများ(Campaigns) ကို ဖေါ်ထုတ်လှုပ်ရှားလာကြရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ပါတီက ထိုလှုပ်ရှားမှုအမျိုးမျိုးကို တက်တက်ကြွကြွထောက်ခံကြိုဆိုပါသည်။

၃။ ယခုအခါ မစုစုနွေးရှေ့ဆောင်သည့် အဖွဲ့ချုပ်လူငယ်များ၏ "ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဘုရားတက် ဆုတောင်းလှုပ်ရှားမှု"ကို ကျွန်တော်တို့ပါတီကထောက်ခံအားပေးပါသည်။ ကြိုဆိုပါသည်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်နှင့်နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးကို ကျွန်တော်တို့ပါတီက အစဉ်တစိုက် တောင်းဆိုပါသည်။ လိုလားပါသည်။

၄။ ဤနေရာတွင် ၈၈'လူထုအရေးတော်ပုံ၊ (NLD / SNLD) စသော နိုင်ငံရေးပါတီများ၊ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှု၊ ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်တွေ့ဆုံဆွေးနွေးအဖြေရှာရေး ဟူသော အချက်များအပေါ်တွင် ကျွန်တော်တို့ပါတီသည် မှန်ကန်စွာသဘောထားလျက် တည့်မတ်တည်ကြည်စွာဖြင့် ရပ်တည်ဆောင်ရွက်နေပါကြောင်း ထပ်လောင်း အတည်ပြုအသိပေးအပ်ပါသည်။

၅။ (နအဖ)စစ်အစိုးရသည် ကြံ့ဖွံ့လူရမ်းကားများကိုအသုံးချ၍ ဖက်ဆစ်ဆန်သော အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုများဖြင့် လူမှုဘဝနယ်ပယ်အသီးအသီးမှ တက်ကြွလှုပ်ရှားသူများ (Activists)ကို ရန်ပြုတိုက်ခိုက်လာနေပါသည်။ အခြားတစ်ဖက်မှနေ၍လည်း 'ဝံသာနု––၈၈အေးလွင်––လေ့လာရေးကျောင်းတော်သားအစု' အစရှိသော အသုံးတော်ခံများကို ပွဲထုတ်၍ "စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး(Anti-Sanction) ၊ (Roadmap)တွင်ပါဝင်လှုပ်ရှားရေး"ဟူသည့် ဂိုဏ်းခွဲရေးလှုပ်ရှားမှုများကို လုပ်ဆောင်လာနေပါသည်။ ထိုအပြင်(နအဖ) စစ်အစိုးရ၏ "တရားဥပဒေ"ဆိုသည်မှာ ပြည်သူလူထုနှင့် တက်ကြွလှုပ်ရှားသူများအတွက် ခုခံပိုင်ခွင့်လည်းမရှိ၊ ကာကွယ်ပိုင်ခွင့်လည်းမရှိသည်ကိုလက်တွေ့ဖြစ်ရပ်များကအထင်အရှားသက်သေခံနေပါသည်။ ဤသည်ကို ကျွန်တော်တို့အားလုံးသတိရှိရှိရင်ဆိုင်ကြရပါလိမ့်မည်။

၆။ သို့အတွက် ထိုသို့သော ဖက်ဆစ်လုပ်နည်းလုပ်ဟန်များကို ညီညွတ်တောင့်တင်းသော လူထုအင်အားဖြင့်သာ ရင်ဆိုင်တွန်းလှန်ကာကွယ်နိုင်လိမ့်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

ဆက်သွယ်ရန် – ကိုခင်မောင်တင့် ၀၈၁ ၀၂၁၅၄၇၀
– ကိုငွေလင်း ၀၈၁ ၄၇၅၉၂၂၃